ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

# မြန်မာနိုင်ငံရှိ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး

## အနှစ်ချုပ်တင်ပြချက်

ဒီဇင်ဘာလ ၂၀၁၈ ခုနှစ်












ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

WORLD BANK GROUP

# မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ပြမြေပုံ



# ဥယျောဇဉ်

ဤအစီရင်ခံစာသည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များကို အခြေခံ၍ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေးကို ဆန်းစစ်လေ့လာသည့် အစီရင်ခံစာဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် ၁၉၈၃ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းဖြစ်ပါသည်။ အသေးစိတ်သုတေသနစာတမ်း (၁၃) စောင်နှင့် သန်းခေါင်စာရင်းရလဒ်မြေပုံအစီရင်ခံစာတို့ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ သန်းခေါင်စာရင်းအချက်အလက်များနှင့် ရလဒ်များအား မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအသီးသီးနှင့် အခြားသောသက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အထောက်အထားပေါ် အခြေခံသည့် မူဝါဒများချမှတ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပါသည်။

ဤအစီရင်ခံစာကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ပူးပေါင်း၍ ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအနက် ယခင်ကလေ့လာခဲ့ခြင်းမရှိသေးသည့် အချက်အလက်များကိုအသုံးပြု၍ မျက်မှောက်ခေတ် လူမှုဘဝဖူလုံရေးကို ပိုမိုလေ့လာ သိရှိနိုင်ရန် ပြုစုတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာသည်  ပြည်သူလူထု၏ လူနေမှုဘဝပြည့်စုံဖူလုံမှုများကို ငွေကြေး မဟုတ်သောရှုထောင့်မှ သုံးသပ်တင်ပြထားခြင်းဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ်၌ "ပုံစံ အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးတွင် ဆင်းရဲနွမ်းပါးမှု" ပပျောက်ချုပ်ငြိမ်းရန် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များက ကတိကဝတ်ပြုခဲ့သည့်အတွက် ပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံဖူလုံမှုနှင့် လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန် ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်လေ့လာခြင်းကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလက်ခံနေကြပြီ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှုအညွှန်းကိန်း (MDI) ကို တွက်ချက်နိုင်သည့် ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ အိမ်အကြောင်းအရာ၊ စွမ်းအင်အသုံးပြုမှုနှင့် အိမ်အသုံးအဆောင်ပစ္စည်းများစသည့် သတင်းအချက်အလက်များပါဝင်ပါသည်။ ထို့အပြင် မတူညီသည့်ဒေသအသီးသီး၏ လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များ ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု အညွှန်းကိန်းတွင် အဓိကအုပ်စု (၆) ခုနှင့် ညွှန်ကိန်း (၁၄) ခု ပါဝင်ပါသည်။ အစိုးရအရာရှိများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ ကိုယ်စားလှယ်များအပါအဝင် အခြားပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ (၂) ကြိမ်တိုင် ကျင်းပ၍ ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံအတွင်းရှိ အိမ်ထောင်စုအားလုံးနှင့် လူပုဂ္ဂိုလ်အားလုံးကို ကောက်ယူခဲ့ခြင်းဖြစ်၍ အသေးငယ်ဆုံး ပထဝီ နယ်နိမိတ် (ခရိုင်၊ မြို့နယ်) အထိ လေ့လာမှုများကို ပြုလုပ်နိုင်ပါသည်။ ဤအချက်သည် အခြားအချက်အလက်ရင်းမြစ်များနှင့် မတူညီသည့် သန်းခေါင်စာရင်း၏ အားသာချက်တစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့ ခရိုင်နှင့် မြို့နယ်အဆင့်အထိ လေ့လာမှုများပြုလုပ်နိုင်သည့်အတွက် မူဝါဒရေးဆွဲသူများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သူများသည် လူမှုဘဝပြည့်စုံမှုမရှိဆုံး ဒေသများကို ပိုမိုတိကျစွာ ဖော်ထုတ်သိရှိနိုင်ပြီး အကူအညီအလိုအပ်ဆုံးဒေသများကို ထိရောက်စွာ ကူညီနိုင်မည်ဖြစ်ပါသည်။ အဆိုပါ အားသာချက်များကြောင့် ယခု အစီရင်ခံစာတွင် ဖော်ပြထားသည့် အညွှန်းကိန်းများကို မူဝါဒရေးဆွဲသူများနှင့် လူမှုအဖွဲ့အစည်းများက စိတ်ပါဝင်စားမှု မြင့်တက်ခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ဒေသအသီးသီး၏ ကွဲပြားခြားနားသည့် လိုအပ်ချက်များအပေါ်အခြေခံ၍ မူဝါဒရေးဆွဲခြင်း၊ အကူအညီပေးခြင်းတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် ဒေသအလိုက် ကွဲပြားခြားနားမှုများရှိနေသည့် မြန်မာနိုင်ငံပြည်သူများ၏ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေးကို ကောင်းစွာနားလည်နိုင်ရန် ပံ့ပိုးပေးနိုင်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည့်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အကောင်အထည်ဖော်ရေးအစီအစဉ်တွင် ဖော်ပြထားသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကိုလည်း အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

**ဦးသိန်းဆွေ**
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**Ellen A. Goldstein**
Country Director for Myanmar,
Cambodia and Lao PDR
The World Bank

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဆန်းစစ်လေ့လာမှုလုပ်ငန်းများအား ပြည်သူ့အင်အားဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အစီရင်ခံစာကို ပြည်သူ့အင်အားဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီနှင့် ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးတို့၏လမ်းညွှန်မှုဖြင့် ကမ္ဘာ့ဘဏ်မှ Gaurav Datt ၊ Reena Badiani-Magnusson နှင့် Ikuko Uochi တို့က ဦးဆောင် ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြု၍ရှုထောင့်နယ်ပယ်စုံလူမှုဘဝဖူလုံရေးနှင့်စပ်လျဉ်းသည့် ဆန်းစစ်လေ့လာမှုများပြုလုပ်ရာတွင် ကူညီပံ့ပိုးပေးခဲ့သည့်အတွက် လေးစားအပ်ပါသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေအား အစီရင်ခံစာရေးသားပြုစုသည့်အဖွဲ့အနေဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။ Ellen A. Goldstein (the World Bank Director for Myanmar, Lao PDR and Cambodia)၊ Gevorg Sargsyan (Head of Office for Myanmar) နှင့် Salman Zaidi (Practice Manager of the Poverty and Equity Global Practice in the East Asia and Pacific Region) တို့၏ ကူညီလမ်းညွှန်မှုအတွက်လည်း အစီရင်ခံစာရေးသားပြုစုသည့်အဖွဲ့အနေဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတို့တွင် ကျင်းပပြုလုပ်ခဲ့သော ညှိနှိုင်းဆွေးနွေးအကြံဉာဏ်ရယူမှုလုပ်ငန်းစဉ် အဆင့် (၂) ဆင့်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များအပါအဝင် မူဝါဒချမှတ်သူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး ပါဝင်ဆွေးနွေးအကြံပြုမှုများ ပြုလုပ်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်မှ Kenneth Simler နှင့် Maria Ana Lugo တို့ထံမှလည်း အဖိုးတန်သည့် အကြံဉာဏ်ကောင်းများ ရရှိခဲ့ပါသည်။ Clarence Tsimpo Nkengne ၊ Giorgia Demarchi၊ ဒေါ်သီတာအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ရုံးမှ ဆက်သွယ်ရေးအဖွဲ့တို့၏ ကူညီပံ့ပိုးမှုများအတွက်လည်း အစီရင်ခံစာရေးသားပြုစုသည့်အဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာပြုစုရေးသားရာတွင် မြန်မာဖွံ့ဖြိုးမှုမိတ်ဖက်ဆိုင်ရာ အလှူရှင်များ ရန်ပုံငွေအဖွဲ့ (Myanmar Partnership Multi-Donor Trust Fund) မှတဆင့် ဗြိတိန်နိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန (UK Department for International Development) နှင့် ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန (Australian Department of Foreign Affairs and Trade) တို့မှ ကူညီပံ့ပိုးပေးခဲ့ပါသည်။

# မြန်မာနိုင်ငံရှိ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး

## အနှစ်ချုပ်တင်ပြချက်



**ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူမှုဘဝဖူလုံရေးကို ရှုထောင့်နယ်ပယ်စုံမှချဉ်းကပ်၍ အသေးစိတ် ဆန်းစစ်လေ့လာထားပြီး ပြည်သူလူထုအနေဖြင့် ယင်းတို့၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ခြင်း ရှိ/ မရှိကို ငွေကြေးမဟုတ်သော ရှုထောင့်နယ်ပယ် အသီးသီးမှ လေ့လာသုံးသပ်မှုများအား အလေးပေးတင်ပြထားပါသည်။** ရှုထောင့်နယ်ပယ်စုံချဉ်းကပ်လေ့လာမှုများ ပြုလုပ်ရာတွင် ပြည်သူလူထုအနေဖြင့် ယင်းတို့၏ အခြေခံလိုအပ်ချက်များကို ရယူဖြည့်ဆည်းနိုင်ခြင်းရှိ/ မရှိ အကဲဖြတ်သုံးသပ်သည့် ညွှန်ကိန်းများကို အသုံးပြုပါသည်။ ဆိုလိုသည်မှာ ရှုထောင့်နယ်ပယ် တစ်ခု (သို့မဟုတ်) ရှုထောင့်နယ်ပယ်မျိုးစုံတွင် ချို့တဲ့မှုများနှင့် တွေ့ကြုံရင်ဆိုင်နေရခြင်း ရှိ/မရှိ (သို့မဟုတ်) ထိုသို့သော ချို့တဲ့မှုများမှ လွတ်မြောက်ခြင်း ရှိ/မရှိ ဆိုသည့် လူမှုဘဝဖူလုံရေး အခြေအနေများကို ရှုထောင့်နယ်ပယ်စုံမှ တိုင်းတာခြင်း ဖြစ်ပါသည်။ ဤသို့ တိုင်းတာခြင်း၏ သဘောတရားများကို ကျယ်ကျယ် ပြန့်ပြန့်ထောက်ခံမှုနှင့် အသိအမှတ်ပြုမှုများ ရရှိထားပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (SDGs) တွင် ရှုထောင့်နယ်ပယ်စုံ၌ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး (SDG 1) ၏ အရေးပါမှုကို အလေးအနက်ထားသကဲ့သို့ ငတ်မွတ်မှု (SDG 2)၊ ကျန်းမာရေး (SDG 3)၊ ပညာရေး (SDG 4)၊ ကျား/ မရေးရာ (SDG 5)၊ ရေနှင့် သန့်ရှင်းရေး (SDG 6)၊ တိုးတက်မှုနှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် (SDG 8)၊ မညီမျှမှု (SDG 10)၊ ငြိမ်းချမ်းမှုနှင့် တရားမျှတမှု (SDG 16) စသည့် အခြားသော SDG များတွင်လည်း ငွေကြေး မဟုတ်သော ရှုထောင့်နယ်ပယ်စုံ၌ ချို့တဲ့မှုများကို အလေးထားကြောင်း ညွှန်ပြနေပါသည်။

**ဤအကဲဖြတ်သုံးသပ်မှု၏ အဓိကဦးတည်ချက်မှာ မြန်မာနိုင်ငံတွင်း နေရာဒေသအလိုက် လူမှုဘဝဖူလုံရေးဆိုင်ရာ အခြေအနေများကို ပိုမိုနားလည်သဘောပေါက်လာစေရန်အတွက် မြို့နယ်အဆင့် လူမှုဘဝဖူလုံရေး ညွှန်ကိန်းများအား ဖော်ထုတ်ရန်ဖြစ်ပါသည်။** ထိုသို့ ဖော်ထုတ်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင်းရှိ အိမ်ထောင်စုအားလုံးနှင့် တစ်ဦးချင်းစီ၏ ပညာရေး၊ ကျန်းမာရေး၊ အိမ်အကြောင်းအရာ၊ စွမ်းအင်အသုံးပြုမှုနှင့် အိမ်အသုံးအဆောင်ပစ္စည်း စသည့် အချက်အလက်များပါဝင်သော ၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အသုံးပြုထားပါသည်။ ၂၀၁၄ သန်းခေါင်စာရင်းသည် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ခြင်းကြောင့် သန်းခေါင် စာရင်းပါ အချက်အလက်များအား အသုံးပြုခြင်းဖြင့် ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေးအား ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်သည့် အကျိုးကျေးဇူးများ ရရှိပါသည်။

**မြန်မာနိုင်ငံအတွက် ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေးအား နိုင်ငံအဆင့်တိုင်းတာခြင်းကို "ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု အညွှန်းကိန်း (MDI)" ဟု ညွှန်းဆိုဖော်ပြပါသည်။** အိမ်ထောင်စုတစ်ခုတွင် ပါဝင်သောမိသားစုဝင်များသည် သတ်မှတ်ထားသည့် ရှုထောင့် နယ်ပယ်တစ်ခု၌ အနိမ့်ဆုံးအခြေခံလိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်စွမ်း မရှိလျှင် အဆိုပါအိမ်ထောင်စုကို ချို့တဲ့မှု ရှိသည်ဟု ယူဆသတ်မှတ်ပါသည်။ ဥပမာဆိုရသော် ယာယီ အမိုးအကာခိုလှုံရာဖြင့်နေထိုင်ရခြင်း (သို့မဟုတ်) မီးအလင်းရောင် ရရှိရန်အတွက် ဖယောင်းတိုင် သို့မဟုတ် ရေနံဆီ သုံးစွဲရခြင်းမျိုးတို့ဖြစ်သည်။ မြန်မာနိုင်ငံ၏ **ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု အညွှန်းကိန်း**ကို နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ချို့တဲ့မှု အခြေအနေတို့ကို တိုင်းတာနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ ၏ MDI ကို ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်နယ်ပယ်စုံ ဆင်းရဲနွမ်းပါးမှု အညွှန်းကိန်း (Muatidimensional Poverty Index) ကဲ့သို့သော နိုင်ငံတကာအဆင့် ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု အညွှန်းကိန်းများဖြင့် နှိုင်းယှဉ်မှုပြုရန် မရည်ရွယ်ပါ။

**မြန်မာနိုင်ငံ၏ MDI တွက်ချက်ရန်အတွက် ညှိနှိုင်းဆွေးနွေးအကြံဉာဏ်ရယူမှု လုပ်ငန်းစဉ် အဆင့် ၂ ခုဖြင့် အဓိကအုပ်စု (Domain) နှင့် ညွှန်ကိန်း (Indicator) များကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။** ၄င်းတို့ကို ရွေးချယ်ရန်အတွက် အစိုးရအရာထမ်းများ၊ နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ပထမအဆင့် ညှိနှိုင်းဆွေးနွေးအကြံဉာဏ်ရယူမှုကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဒုတိယအဆင့် ညှိနှိုင်းဆွေးနွေးအကြံဉာဏ်ရယူမှုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ခဲ့ပြီး ပထမအဆင့် ညှိနှိုင်းဆွေးနွေးအကြံဉာဏ်ရယူပွဲတွင် ရွေးချယ်ခဲ့သော အဓိကအုပ်စုများ၊ ညွှန်ကိန်းများနှင့် ပတ်သက်၍ တိုင်ပင် ဆွေးနွေးရန်အတွက် သက်ဆိုင်သူအများအပြား တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးအကြံဉာဏ်ရယူမှု လုပ်ငန်းစဉ် အပေါ်အခြေခံပြီး အိမ်ထောင်စုဝင်တစ်ဦးဦးသည် ချို့တဲ့မှု အနည်းဆုံးတစ်ခုကို ရင်ဆိုင်တွေ့ကြုံနေရခြင်းရှိ/ မရှိ အကဲဖြတ် သုံးသပ် နိုင်ရန် အဓိကအုပ်စု (၆) ခုနှင့် ညွှန်ကိန်း (၁၄) ခုကို ရွေးချယ်ခဲ့ပါသည်။ (အနစ်ချုပ် ဇယား ၁)


အနစ်ချုပ်ဇယား ၁။ | **ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှုအညွှန်းကိန်းအတွက် ရွေးချယ်ခဲ့သော အဓိကအုပ်စု (၆) ခုနှင့် ညွှန်ကိန်း (၁၄) ခု။**[1]

| အဓိက အုပ်စုများ | ပညာရေး | အလုပ်အကိုင် | ကျန်းမာရေး | ရေနှင့် မိလ္လာ | အိမ်ယာ | အိမ်အသုံးအဆောင် ပစ္စည်း |
|---|---|---|---|---|---|---|
| **ညွှန်ကိန်းများ** | စာတတ်မြောက်မှု | အလုပ်လက်မဲ့ | မသန်စွမ်းမှု | သောက်ရေ | နေအိမ် အမျိုးအစား | ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ |
| | မူလတန်းအဆင့် ပညာရေး | ယာယီ ကျပန်း အလုပ်အကိုင် | ကလေးနှင့် လူငယ် လူရွယ် သေဆုံးမှုနှုန်း | မိလ္လာ | မီးအလင်း ရောင် | သယ်ယူပို့ဆောင်ရေး ဆိုင်ရာ ယာဉ်များ |
| | ကျောင်းတက် ရောက်မှု | ကလေးသူငယ်များ အလုပ်လုပ်ကိုင်မှု | | | | |

1 အသေးစိတ်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ညွှန်ကိန်းတစ်ခုချင်းစီအတွက် စည်းသတ်မျဉ်းတို့ကို အပိုင်း ၃.၂ တွင် ကြည့်ပါရန်။

အတွေ့ရအများဆုံး/ အဖြစ်အများဆုံး ချို့တဲ့မှုမှာ အိမ်ယာချို့တဲ့မှု ဖြစ်ပါသည်။ နိုင်ငံ့လူဦးရေ၏ ထက်ဝက်နီးပါးသည် အဆိုပါ အိမ် အကြောင်းအရာ အဓိကအုပ်စုတွင် ချို့တဲ့မှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ချို့တဲ့မှုအနည်းဆုံးမှာ ကျန်းမာရေးအုပ်စုတွင်ဖြစ်ပြီး လူဦးရေ၏ (၁၂) ရာခိုင်နှုန်းသာ ချို့တဲ့မှုနှင့် ရင်ဆိုင်နေရကြောင်း တွေ့ရှိရပါသည် (အနှစ်ချုပ် ပုံ - ၁)။ ညွှန်ကိန်းအဆင့်တွင် လူဦးရေ၏ (၄၀) ရာခိုင်နှုန်းကျော်ကျော်သည် အိမ်ယာချို့တဲ့မှုကို ခံစားနေကြရသည့်အပြင် မြန်မာနိုင်ငံရှိ ပြည်သူလူထုသည် အခြေခံကျသည့် အခြေခံအဆောက်အအုံများ (ရေနှင့် မိလ္လာ၊ မီးအလင်းရောင်) ကို လက်လှမ်းမီရယူသုံးစွဲနိုင်မှုနှင့် အိမ်အသုံးအဆောင်ပစ္စည်း ပိုင်ဆိုင်မှု တို့တွင် ချို့တဲ့မှု ပိုမိုရင်ဆိုင်ကြုံတွေ့ကြရဖွယ်ရှိပါသည်။ ကျန်းမာရေးဆိုင်ရာ ချို့တဲ့မှုသည် အတွေ့ရအနည်းဆုံး/ အဖြစ်အနည်းဆုံး ဖြစ်သော်လည်း သန့်ခေါင်စာရင်းရလာဒ်များဖြစ်သော မသန်စွမ်းမှုနှင့် သေနှုန်း ညွှန်ကိန်းများ၏ မြင့်မားမှုကို တစ်စိတ်တစ်ပိုင်း ထင်ဟပ်လျက်ရှိသဖြင့် သတိပြုရန်အရေးကြီးပါသည်။


အနှစ်ချုပ်ပုံ - ၁။ | ချို့တဲ့မှု အနည်းဆုံးတစ်ခု ရင်ဆိုင်ကြုံတွေ့နေရသော အိမ်ထောင်စုတွင် နေထိုင်သော လူဦးရေရာခိုင်နှုန်း





**ရှုထောင့်နယ်ပယ်စုံ လေ့လာတင်ပြချက်၏ အရေးကြီးသော ဝိသေသလက္ခဏာတစ်ရပ်မှာ ချို့တဲ့မှုပေါင်းစုံသည် လူများစွာတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်ပွားနေခြင်းဖြစ်ပါသည်။** အနှစ်ချုပ် (ပုံ-၂) အရ၊ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း၏ (၁၆) ရာခိုင်နှုန်းသည် မည်သည့်ညွှန်ကိန်းတွင်မျှ ချို့တဲ့မှုမရှိကြောင်းတွေ့ရှိရသော်လည်း ကျန် (၈၄) ရာခိုင်နှုန်းမှာ အနည်းဆုံး ညွှန်ကိန်း တစ်ခုတွင် ချို့တဲ့မှုကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ချို့တဲ့မှု အနည်းဆုံးတစ်ခုကို တွေ့ကြုံခံစားနေကြရသော လူဦးရေ (၈၄) ရာခိုင်နှုန်း အနက် (၁.၂) ရာခိုင်နှုန်းသာ အဓိကအုပ်စု (၆) ခုလုံးတွင် ချို့တဲ့မှု တွေ့ကြုံခံစားကြရပါသည်။ သို့သော်လည်း တစ်ခုမက သော ချို့တဲ့မှုများ ဖြစ်ပွားနေပြီး လူဦးရေ၏ (၆၁) ရာခိုင်နှုန်းသည် အဓိကအုပ်စု (၂) ခု သို့မဟုတ် ထို့ထက်ပိုသော အဓိကအုပ်စု များတွင် ချို့တဲ့မှုတစ်ခု ခံစားနေကြရ၍ (၄၀) ရာခိုင်နှုန်းမှာ (၃) ခု သို့မဟုတ် ထို့ထက်ပိုသော အဓိကအုပ်စုများတွင် ချို့တဲ့မှုတစ်ခုကို ခံစားနေကြရသည်။

**အနစ်ချုပ် ပုံ -၂။ | အဓိကအုပ်စုနှင့် ညွှန်ကိန်းများအလိုက် ရှုထောင့်နယ်ပယ်စုံချို့တဲ့မှု - ပြည်ထောင်စုအဆင့်**

**(က) အဓိကအုပ်စု အနည်းဆုံး k အရေအတွက်အရ ချို့တဲ့မှုခံစား နေရသော လူဦးရေရာခိုင်နှုန်း**





**(ခ) ညွှန်ကိန်း အနည်းဆုံး k အရေအတွက်အရ ချို့တဲ့မှုခံစားနေရသော လူဦးရေရာခိုင်နှုန်း**




**ချို့တဲ့မှုမျိုးစုံ ခံစားရမှု အတိုင်းအတာပမာဏသည် ကျေးလက် - မြို့ပြအကြား ကွာခြားမှု ကြီးမားပြီး မြို့ပြလူဦးရေနှင့် နှိုင်းယှဉ်ပါက ကျေးလက်လူဦးရေသည် ချို့တဲ့မှုမျိုးစုံနှင့် ပိုမိုရင်ဆိုင်ကြုံတွေ့ကြရဖွယ်ရှိပါသည်။ (အနစ်ချုပ် ပုံ - ၃)။** ဥပမာအားဖြင့် ကျေးလက်လူဦးရေ၏ (၅၇) ရာခိုင်နှုန်းသည် ညွှန်ကိန်း (၃) ခု သို့မဟုတ် ထို့ထက်ပိုသော ညွှန်ကိန်းများ တွင် ချို့တဲ့မှုကို ခံစားနေကြရပြီး ယင်းနှင့် နှိုင်းယှဉ်ပါက မြို့ပြလူဦးရေ၏ (၂၂) ရာခိုင်နှုန်းသာ ချို့တဲ့မှုကို ခံစားကြရပါသည်။ (၂.၆ ဆ ပိုမိုများပြားပါသည်)။


**ကျေးလက် - မြို့ပြ ကွာခြားမှုအပြင် တိုင်းဒေသကြီး/ပြည်နယ်များအကြားတွင်လည်း သိသာစွာ ကွာဟလျက်ရှိပါသည်။** ရခိုင်ပြည်နယ်တွင် လူဦးရေ၏ (၆၀) ရာခိုင်နှုန်းသည် ညွှန်ကိန်း (၅) ခု သို့မဟုတ် ထို့ထက်ပိုသော ညွှန်ကိန်းများတွင် ချို့တဲ့မှုတစ်ခု ခံစားနေကြရပါသည်။ ကရင်ပြည်နယ်သည် ဒုတိယနေရာတွင်ရှိပြီး လူဦးရေ၏ (၃၆) ရာခိုင်နှုန်းသည် ညွှန်ကိန်း (၅) ခု သို့မဟုတ် ထို့ထက်ပိုသော ညွှန်ကိန်းများတွင် ချို့တဲ့မှုတစ်ခု ခံစားနေကြရပါသည်။ သို့သော် ရန်ကုန်တိုင်းဒေသကြီးတွင်မူ လူဦးရေ၏ (၁၀) ရာခိုင်နှုန်းသာ ထိုသို့ခံစားနေရကြောင်း တွေ့ရှိရပါသည်။

**အနစ်ချုပ် ပုံ -၃။ | ညွှန်ကိန်းအလိုက် ချို့တဲ့မှု မျိုးစုံ ရင်ဆိုင်ကြုံတွေ့နေရသော လူဦးရေ ရာခိုင်နှုန်း (ညွှန်ကိန်းများအရေအတွက်)**



**မြန်မာ့ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှုအညွှန်းကိန်း (MDI-1) သည် ၂၀.၇ ရှိသည်ဟု ခန့်မှန်းပါသည်။**[2] မြန်မာနိုင်ငံတွင် သာမန်အားဖြင့် လူတစ်ဦးသည် အလေးတင် ညွှန်ကိန်း (Weighted indicators) များ၏ (၂၀.၇) ရာခိုင်နှုန်း၌ ချို့တဲ့မှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါသည်။ သို့သော်လည်း ကျေးလက်နှင့် မြို့ပြဒေသများအကြား၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြားတွင် MDI-1 ၌ ကွာခြားချက်များပြားသည်ကို တွေ့ရှိရပါသည်။ ကျေးလက် MDI-1 (၂၄.၆) သည် မြို့ပြ MDI-1 (၁၁.၂) ထက် (၂) ဆကျော် ပိုမို မြင့်မားပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြားတွင် ရခိုင်ပြည်နယ်သည် ရှုထောင့် နယ်ပယ်စုံ ချို့တဲ့မှု အမြင့်မားဆုံး (၃၉.၂) ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် အနိမ့်ဆုံး(၁၄.၀) ဖြစ်ပါသည်။ MDI မြင့်မားသည့် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် နေပြည်တော်တို့မှာ MDI နိမ့်သည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပါဝင်ပါသည်။ သို့သော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား စုစုပေါင်း MDI တွင် ပါဝင်သည့် အုပ်စု (သို့မဟုတ်) ညွှန်ကိန်းများမှာ တစ်သမတ်တည်း ရှိမနေပါ။ သာဓကပြရလျှင် အိမ်ယာချို့တဲ့မှုသည် ရခိုင်ပြည်နယ်တွင် အကြီးဆုံး အဓိကအုပ်စု အဖြစ်ပါဝင်နေသော်လည်း ချင်းပြည်နယ်တွင်မူ အိမ်အသုံးအဆောင် ပစ္စည်းချို့တဲ့မှုသည် အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့အတူ ရှမ်းပြည်နယ်၌ ပညာရေးအုပ်စုနှင့် ရေနှင့်မိလ္လာအုပ်စုတို့သည် စုစုပေါင်း MDI ၏ ထက်ဝက်ခန့် ပါဝင်လျှက် ရှိပါသည်။

အနှစ်ချုပ် ပုံ -၄။ | **ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှုအညွှန်းကိန်း - MDI 1**





**ချို့တဲ့မှု ကွာဟချက်များမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင်သာ ဖြစ်ပွားသည် မဟုတ်ပဲ ဒေသတစ်ခုချင်းစီရှိ မြို့နယ်များ၌လည်း ဖြစ်ပွားလျှက်ရှိပါသည်။** ဥပမာ - အကောင်းဆုံး အခြေအနေတွင်ရှိနေသော ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များတွင်ပင် MDI အဆိုးဆုံးအခြေအနေရှိသော မြို့နယ်များ ရှိနေပါသည်။ တူညီသော ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင်ရှိနေသော မြို့နယ်များ၏ ကွာခြားမှုရှိနေပုံကို အနှစ်ချုပ် (ပုံ - ၄) တွင် ဖော်ပြထားပါသည်။ သာဓကပြရသော် ကချင်ပြည်နယ်နှင့်

2 အစီရင်ခံစာတွင် ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု အညွှန်းကိန်း ၂ မျိုးဖြစ်သည့် MDI-1 နှင့် MDI 2 တို့ကိုဖော်ပြထားပါသည်။ MDI-1 သည် ကိန်းရှင်တစ်ခုချင်း ဆက်နွယ်အလေးကိုအသုံးပြု၍ ညွှန်ကိန်းအားလုံး၏ အလေးတင်စုစုပေါင်းပျမ်းမျှကိုယူ၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ MDI-2 သည် MDI-1၏ နှစ်ထပ်ကိန်း ပျမ်းမျှဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။ MDI-1 သည် ဦးရေအလိုက် ချို့တဲ့မှုပြန့်ချက်ကို ထင်ဟပ်တုန့်ပြန်ခြင်းမရှိပါ။ MDI-2 သည် ချို့တဲ့မှု ပိုမိုမြင့်မားစွာဖြစ်ပွားသည့် ညွှန်ကိန်းတစ်ခုအပေါ် ပိုမိုအလေးတင်ပါသည်။ အစီရင်ခံစာ၏ အနှစ်ချုပ်တင်ပြချက်နှင့် ပင်မစာကိုယ်တွင် တင်ပြထားသောရလာဒ်များသည် ထပ်နော တစ်ပြေးညီ အလေး တင်ခြင်းကို အသုံးပြုထားပါသည်။


စစ်ကိုင်းတိုင်းဒေသကြီးတို့သည် အတော်အတန် ကောင်းမွန်သော အခြေအနေတွင်ရှိနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ ဖြစ်သော်လည်း အဆိုပါ ဒေသကြီး နှစ်ခုစလုံး၏ မြောက်ပိုင်း မြို့နယ်များတွင် နိုင်ငံ့လူဦးရေ၏ အချို့တဲ့ဆုံးသော သူအချို့ရှိနေပါသည်။ အလားတူ လေ့လာတွေ့ရှိချက်မျိုးကို ချင်းပြည်နယ်တွင်လည်းတွေ့မြင်နိုင်ပါသည်။ ရခိုင်ပြည်နယ်နှင့်ထိစပ်လျက်ရှိသော ချင်းပြည်နယ် တောင်ပိုင်းမြို့နယ်များသည် မြောက်ပိုင်းမြို့နယ်များထက် ပိုမိုချို့တဲ့မှုများ ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီးသည် MDI အနိမ့်ဆုံး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၏ မြို့ပြ MDI အဆင့်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် နီးကပ်သော မြစ်ဝကျွန်းပေါ်ဒေသမြို့နယ်များ၏ MDI အဆင့်တို့သည် သိသာစွာ ကွဲပြားခြားနားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ MDI ရလာဒ်များကို ပိုမိုအခြေခံကျသော ပထဝီဒေသန္တရအုပ်ချုပ်မှုအဆင့် (ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်) အထိ ထပ်မံပိုင်းခြားစိတ်ဖြာ ကြည့်နိုင်ပါသည်။ ယင်းတို့ကို ယခုအစီရင်ခံစာတွင် ဖော်ပြမထားသော်လည်း မြန်မာပြည်သူလူထု၏ လူနေမှုဘဝပြည့်စုံဖူလုံမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့် မူဝါဒများနှင့် လုပ်ဆောင်မှုများအား ပံ့ပိုးကူညီနိုင်ရေးအတွက် အသုံးပြုနိုင်ပါသည်။

အနှစ်ချုပ် ပုံ -၅။ | **ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် MDI 1**

**(က) ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် MDI-1**




**(ခ) မြို့နယ်အဆင့် MDI-1**




မှတ်စု။ ။ မြေပုံတွင်ခြယ်မှုန်းထားသော အရောင်များသည် မြို့နယ်အဆင့် ဆယ်လီစိတ်စည်း သတ်မျဉ်းများအပေါ် အခြေခံထားပါသည်။ အချက်အလက်ကောက်ယူမေးမြန်းခဲ့သည့် လူဦးရေအကန့်အသတ်ရှိသော ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ် ၃ မြို့နယ် (မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်) အား မီးခိုးရောင် ခြယ်မှုန်းဖော်ပြထားပါသည်။

WORLD BANK GROUP

**The World Bank, Myanmar**
Level 21, Sule Square
221, Sule Pagoda Road,
Kyauktada Township, Yangon 11182
Republic of the Union of Myanmar
www.worldbank.org/myanmar
www.facebook.com/
myanmar@worldbank.org